# 3 နေထိုင်စားသောက်ရေးအတွက် အခြေခံဝန်ဆောင်မှုများ

## 3-4 စာတိုက်

ဂျပန်စာတိုက်နှင့် စာတိုက်သေတ္တာသည့် "〒" သင်္ကေတကို အမှတ်အသားအဖြစ်သုံးသည်။ စာတိုက်မှာ စာ၊ ပါဆယ်၊ အမြန်ချောပို့စသည့်စာပို့ခြင်းလုပ်ငန်းအပြင် ငွေစုခြင်းလုပ်ငန်း (ဂျပန်စာတိုက်ဘဏ်)နှင့် အာမခံလုပ်ငန်း (ဂျပန်စာတိုက်အာမခံ) ကိုလည်းဝန်ဆောင်မှုပေးသည်။ ထို့ကြောင့်ဘဏ်ကဲ့သို့ ငွေစုစာရင်းဖွင့် ငွေအပ်နိုင်သလို ပြည်တွင်းပြည်ပကို ငွေပို့ခြင်း ငွေလွှဲခြင်း အများသုံးဝန်ဆောင်မှုခကိုလည်း ပေးဆောင်နိုင်သည်။ အများသုံးဝန်ဆောင်မှုခနှင့် အခွန်ကို ဘဏ်နှင့် အလားတူ စုငွေစာရင်းမှ အလိုအလျောက်ငွေနုတ်ခိုင်းနိုင်ပြီး လုပ်ထုံးလုပ်နည်းလည်း အတူတူဖြစ်သည်။

စာတိုက်ရုံးချိန်သည် တနင်္လာမှသောကြာအထိ 9:00 ～ 17:00 (စနေ၊တနင်္ဂနွေနှင့် ညတွင်လည်း ရုံးဖွင့်သည် စာတိုက်လည်းရှိသည်။)

ငွေစုခြင်း၊ အာမခံလုပ်ငန်းသည် တနင်္လာမှသောကြာအထိ 9:00～16:00 ဝန်ဆောင်မှုပေးသည်။

・စာတိုက်၏ website http://www.post.japanpost.jp/ (ဂျပန်ဘာသာ စာမျက်နှာ)

http://www.post.japanpost.jp/english/ (အင်္ဂလိပ်ဘာသာ စာမျက်နှာ)

### (1) ပြည်တွင်းစာပို့ခြင်းလုပ်ငန်း

ပြည်တွင်းစာပို့ခြင်းလုပ်ငန်းသည် ပို့စကတ်၊ စာ၊ ပါဆယ်၊ စာအုပ်ပါဆယ်စသည့်များရှိသည်။ စာတိုက်ရုံးထုတ်ပို့စကတ်ကို စာတိုက်မှာရောင်းသည်။ ပုဂ္ဂလိကထုတ်ပို့စကတ်အတွက် တံဆိပ်ခေါင်း ၆၂ယန်းဖိုး ကပ်ရန်လိုအပ်သည်။ အခြားစာများထက် ဦးစားပေးပို့သည့် အမြန်ချောပို့စာကို အပိုငွေပေး၍ ပို့နိုင်သည်။

ထို့ပြင် စာတိုက်ပါဆယ်(Yu Pack)သည် ※အိမ်တိုင်ရာရောက်ပါဆယ်ပို့ဆောင်မှုလုပ်ငန်း(takuhaibin)ကဲ့သို့ ပါဆယ်ကို လက်ခံသည့်နောက်နေ့တွင် ပို့မည့်လိပ်စာရှင်ထံရောက်အောင်ပို့ပေးသည်။ (အချို့ဒေသအတွက်ချွင်းချက်ရှိသည်။)

ဂျပန်နိုင်ငံမှာ လိပ်စာကို စာပို့သင်္ကေတမှစသည်။ ပြီးမှ "To Do Fu Ken"ခရိုင်၊ "Shi (Gun)"မြို့နယ်၊ "Machi(Mura)"မြို့ နောက်ဆုံးမှာ "Chome"ရပ်ကွက်ဟု အဆင့်အလိုက်ရေးသည်။"Chuo Ku"စသည့်"Ku"ဟာ "Sapporo-Shi Chuo-Ku" ကဲ့သို့ "Shi"နောက်မှာလာသည့်အခါလည်းရှိသလို "Tokyo-To"၏အထူးဇုန်မှာ"Tokyo-To Chiyoda-Ku"ကဲ့သို့ "To"

နောက်မှာ လာသည့်အခါလည်းရှိသည်။လိပ်စာကို "Banchi (သို့) Ban Go"အိမ်(သို့)တိုက်နံပါတ်ဖြင့် အဆုံးသတ်သည်။

ဥပမာ။

〒100-0013

Tokyo-To (ခရိုင်) Chiyoda-Ku (မြို့နယ်) Kasumigaseki (ရပ်ကွက်) 3 Chome 3 Ban 2 Go (အိမ်နံပါတ်)

အိမ်ပြောင်းရွှေ့သည့်အခါ စာတိုက်အား အိမ်ပြောင်းရွှေ့ခြင်းလျှောက်ထားလျှင် တစ်နှစ်အတွင်းလိပ်စာဟောင်းသို့ပို့လာသည့် စာကို လိပ်စာအသစ်သို့ပို့ပေးသည်။

※အိမ်တိုင်ရာရောက်ပါဆယ်ပို့ဆောင်မှုလုပ်ငန်း

ပုဂ္ဂလိကပို့ဆောင်ရေးကုမ္ပဏီကဝန်ဆောင်မှုပေးနေသည့် ပါဆယ်ပို့ဆောင်ရေးဝန်ဆောင်မှုကို "takuhaibin" အိမ်တိုင်ရာရောက် ပါဆယ်ပို့ဆောင်မှုလုပ်ငန်းဟုခေါ်သည်။ ကွန်ဗီနီစတိုး နှင့် ဆိုင်ကလေးမှာပို့နိုင်သည့်အပြင် အကြောင်းကြားလျှင် အိမ်တိုင်ရာရောက်လာလက်ခံပေးသည့် ကုမ္ပဏီလည်းရှိသည်။ ပို့မည့်ရက်သတ်မှတ်ခြင်း၊ ညအချိန်ပို့ပေးခြင်း၊ အအေး၊အခဲအတိုင်းပို့ခြင်းစသည့်ဝန်ဆောင်မှုအမျိုးမျိုးရှိသည်။ နိုင်ငံခြားသို့သွားသည့်အခါ လေဆိပ်ကောင်တာအထိ ပစ္စည်းကို ပို့နိုင်သည်။ အသေးစိတ်ကို အိမ်တိုင်ရာရောက်ပါဆယ်ပို့ဆောင်မှုလုပ်ငန်းကုမ္ပဏီအား မေးမြန်းစုံစမ်းနိုင်သည်။

**(2) ပြည်ပစာပို့ခြင်းလုပ်ငန်း**

ပြည်ပသို့ စာနှင့် ပါဆယ်ပို့သည့်အခါ လေကြောင်း၊ ရေကြောင်း၊ SALကြောင်းပို့ခြင်းဟုသုံးမျိုးရှိသည်။ အလေးချိန်နှင့် ပို့မည့်လိပ်စာပေါ်မူတည်၍ ပို့ဆောင်ခကောက်ခံသည်။ SALကြောင်းစာပို့ခြင်းသည် ဈေးသက်သာသည့် လေကြောင်းစာပို့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံအတွင်းနှင့် ပေးပို့မည့်နိုင်ငံအတွင်းတွင် ရေကြောင်းအဖြစ်ကိုင်တွယ်သော်လည်း နှစ်နိုင်ငံကြားတွင် လေကြောင်းဖြင့်ပို့သည့်ဝန်ဆောင်မှုဖြစ်သည်။ စာပို့ပြီးစာရောက်သည့်အထိလိုအပ်သည်ရက်များသည် အစောဆုံးမှအစဉ်အလိုက် လေကြောင်း ၃ - ၉ရက်၊ SALကြောင်း ၂ - ၄ ပတ်၊ ရေကြောင်း ၁၀ - ၆၀ရက်ဖြစ်သည်။ အသေးစိတ်ကို နီးစပ်ရာ စာတိုက်အား မေးမြန်းစုံစမ်းနိုင်သည်။